一般財団法人
建設業振興基金

# ဆောက်လုပ်ရေးအလုပ်အကိုင်အခွင့်အလမ်းစနစ်နှင့်ပက်သက်၍

「ဆောက်လုပ်ရေး အလုပ်အကိုင်အခွင့်အလမ်းစနစ်သင်္ကေတ」

# ဆောက်လုပ်ရေးအလုပ်အကိုင်အခွင့်အလမ်းစနစ်အကြမ်းဖျင်းရှင်းလင်းချက်

- ဆောက်လုပ်ရေးအလုပ်အကိုင်အခွင့်အလမ်းစနစ်သည်ကျွမ်းကျင်လုပ်သား၏လူမှုအာမခံဝင်ထားသည့်အခြေအနေ၊လုပ်ငန်းခွင်ရာဇဝင်များအားစက်မှုလုပ်ငန်းများတွင်မှတ်ပုံတင်သွင်းစုဆောင်းထားသောစနစ်ဖြစ်သည်။
- ဤစနစ်အားအသုံးပြု၍ကျွမ်းကျင်လုပ်သား၏အရည်အချင်း၊အတွေ့အကြုံအလိုက်၊အကျိုးခံစားခွင့်ရရှိရန်ပြင်ဆင်ပြီး၊အနာဂတ်၏ဆောက်လုပ်ရေးလုပ်ငန်းပံ့ကိုင်ရှင်များအဖြစ်ထိန်းသိမ်းစောင့်ရှောက်ခြင်

**ကျွမ်းကျင်လုပ်သားများပိုမိုကောင်းမွန်သောအကျိုးခံစားမှုရရှိစေရန်အတွက်**

## < အရည်အချင်း၊အတွေ့အကြုံစုဆောင်းခြင်း >




○အတွေ့အကြုံ (အလုပ်လုပ်ရက်)
○ဗဟုသုတ၊ကျွမ်းကျင်မှု (ကိုင်ဆောင်ထားသောလိုင်စင်)
○စီမံခန့်ခွဲမှုစွမ်းရည်
(မှတ်ပုံတင်သွင်းထားသောအဓိကကျွမ်းကျင်လုပ်သားသင်တန်း・အလုပ်ခေါင်းဆောင်အတွေ့အကြုံ)

## <ပိုမိုကောင်းမွန်သောအကျိုးခံစားမှုအတွက် ပတ်ဝန်းကျင်ထိန်းသိမ်းခြင်း>







နည်းပညာမိတ်ဆက်ခြင်း

ကဒ်အရောင်ဖြင့်ဖောက်သည်ကုမ္ပဏီနှင့်ဖောက်သည့်တို့အားနည်းပညာအဆင့်အတန်း၊အကျိုးကျေးဇူးတို့ကိုမိတ်ဆက်ပေးခြင်း

**ကျွမ်းကျင်လုပ်သားများ၏မှတ်ပုံတင်သွင်းကြေး**

**【ဝန်ဆောင်ခ】**


- အင်တာနက်မှလျှောက်လွှာတင်ခြင်းယန်း၂၅၀၀
- ကောင်တာမှလျှောက်လွှာတင်ခြင်းယန်း၃၅၀၀

**ကဒ်သက်တမ်း　　　　၁၀နှစ်**

※သက်တမ်းကာလအတွင်းကဒ်ပျောက်ခြင်း၊ပျက်စီးခြင်းများရှိပါကယန်း၁၀၀၀ဖြင့်ပြန်လည်ထုတ်ယူနိုင်

အလုပ်အကိုင်အခွင့်အလမ်းစနစ်





အလုပ်ကုမ္ပဏီ၏သတင်းအချက်အလက်

ကျွမ်းကျင်လုပ်သား၏သတင်းအချက်အလက်

အလုပ်ရာဇဝင်(အတွေ့အကြုံ)သတင်းအချက်အလက်

# ဆောက်လုပ်ရေးနယ်ပယ်တွင်နေထိုင်ခွင့်လိုင်စင်အလိုက်လက်ခံသည့်စံနှုန်းသတ်မှတ်ချက်များ

## ပထမအဆင့်
## သတင်းအချက်အလက်များမှတ်ပုံတင်ခြင်း၊ မှတ်ပုံတင်ကြေးပေးသွင်းခြင်း။
## (ကျွမ်းကျင်လုပ်သားများ၏အပိုင်း)



ကျွမ်းကျင်လုပ်သား

○လိုအပ်သောသတင်းအချက်အလက်များ
.ကာယကံရှင်နှင့်ဆိုင်သောကိုယ်ရေးကိုယ်တာအချက်အလက်များ(လိပ်စာ ၊အမည် ၊မွေးရက်၊လ၊ခုနှစ် ၊လိင် ၊နိုင်ငံသား  အစရှိသည်)
.သက်ဆိုင်ရာကုမ္ပဏီ၏အမည်၊အလုပ်အမျိုးအစား
.လူမှုအာမခံဝင်ထားခြင်းအခြေအနေ၊ဆောက်လုပ်ရေးပင်စင်ပူးတွဲဝင်ထားခြင်းအခြေအနေ အစရှိသည်

○ထောက်ခံသည့်သတင်းအချက်အလက်များ
.ကိုင်ဆောင်ထားသောလိုင်စင်၊သင်တန်းတက်ရောက်ထားသော ရာဇဝင်၊အသိမှတ်ပြုလက်မှတ်(ဆုများ)
.ကျန်းမာရေးဆေးစစ်ချက်အထောက်အထား

ကျွမ်းကျင်လုပ်သားနှင့်သက်ဆိုင်ရာကုမ္ပဏီ၏ဆက်စပ်မှု

## ဒုတိယ အဆင့်
## ကတ်ရယူခြင်း



## ပဥ္စမ အဆင့်
## အလုပ်အကိုင်ကိုယ်ရေးရာဇဝင်စုဆောင်းခြင်း




ကန်ထရိုက်ကုမ္ပဏီသည် လုပ်ငန်းခွင်တွင် card leader အားတပ်ဆင်ရမည်။



## ဆဌမ အဆင့်
## အတွေ့အကြုံအမြင်

မည်သည့်အချိန် ၊မည်သို့သောအလုပ်ခွင်တွင်၊ မည်သို့သောအလုပ်အမျိုးအစားဖြင့်၊ မည်သည့်ရာထူး (အလုပ်သမားခေါင်းဆောင်စသည်ဖြင့်)ဖြင့်အလုပ်လုပ်ခဲ့သည်ကိုနေ့စဉ်လုပ်ငန်းရလဒ်အဖြစ်အီလက်ထရောနစ်စနစ်ဖြင့်မှတ်တမ်းတင်စုဆောင်းထားပါမည်။



## ကန်ထရိုက်၏လက်အောက်ခံကုမ္ပဏီများအပိုင်း
## ပထမအဆင့်
## သတင်းအချက်အလက်များမှတ်ပုံတင်ခြင်း၊မှတ်ပုံတင်ကြေးပေးသွင်းခြင်း။

ကုမ္ပဏီ (လက်အောက်ခံ)

.ကုန်ပစ္စည်းနံပါတ်၊တည်နေရာ
.ဆောက်လုပ်ရေးလုပ်ငန်းဆိုင်ရာခွင့်ပြုချက်
.ရင်းနှီးငွေ ၊စက်မှုလုပ်ငန်းအစရှိသည်
.လူမှုအာမခံဝင်ထားခြင်းအခြေအနေ အစရှိသည်

## စတုတ္ထအဆင့်
## ဆောက်လုပ်ရေးစနစ် မှတ်ပုံတင်ခြင်း

ကုမ္ပဏီမှလုပ်ငန်းခွင်စာချုပ်ပါအချက်အလက်များနှင့်စပ်လျဉ်း၍ ၄င်းတို့၏ဆောက်လုပ်ရေးစနစ်အသီးသီးအားမှတ်ပုံတင်ပြီး မိမိတို့၏ကုမ္ပဏီဝင်ကျွမ်းကျင်လုပ်သားများ၏အချက်အလက်များ(နာမည်၊အလုပ်အကိုင်၊ရာထူး(အလုပ်သမားခေါင်းဆောင်) အားမှတ်ပုံတင်သွင်းရန်။

- ကန်ထရိုက်စာချုပ်
- မိမိတို့၏ကုမ္ပဏီဝင်ကျွမ်းကျင်လုပ်သားများရဲ့အချက်အလက်

## ကန်ထရိုက်၏အပိုင်း
## ပထမအဆင့်
## သတင်းအချက်အလက်များမှတ်ပုံတင်ခြင်း၊မှတ်ပုံတင်ကြေးပေးသွင်းခြင်း။

ကုမ္ပဏီ (ကန်ထရိုက်)


.ကုန်ပစ္စည်းနံပါတ်၊တည်နေရာ
.ဆောက်လုပ်ရေးလုပ်ငန်းဆိုင်ရာခွင့်ပြုချက်သတင်းအချက်အလက်
.ရင်းနှီးငွေ ၊စက်မှုလုပ်ငန်းအစရှိသည်
.လူမှုအာမခံဝင်ထားခြင်းအခြေအနေ အစရှိသည်

## တတိယအဆင့်
## လုပ်ငန်းခွင်မှတ်ပုံတင်ခြင်း

ကန်ထရိုက်ကုမ္ပဏီအဖြစ်လုပ်ငန်းခွင်စတင်ဖွင့်လှစ်သည့်ကုမ္ပဏီသည်လုပ်ငန်းခွင်စတင်ဖွင့်လှစ်သည်နှင့်လုပ်ငန်းခွင်၊စာချုပ်ပါအချက်အလက်များအားမှတ်ပုံတင်သွင်းရမည်။

- လုပ်ငန်းခွင် အမည်။
- လုပ်ငန်းအကြောင်းအရာအစရှိသည်

# ဆောက်လုပ်ရေးအလုပ်အကိုင်အခွင့်အလမ်းကဒ်၏ဒီဇိုင်း




【သာမန်ကဒ် (ရှေ့) 】




【ရွှေရောင်ကဒ် (ရှေ့) 】




【ရှေ့】

※အနီရောင်လေးထောင့်ကွက်၏အစိတ်အပိုင်းသည်ကျွမ်းကျင်လုပ်သားများ၏ Idနံပါတ်၁၄လုံးဖြစ်သည်။

- IC ကတ်ထဲတွင် IC chip ပြားလေးပါဝင်ပါသည်။( ဆက်သွယ်ထားခြင်းမရှိတဲ့ IC ကတ် )
- IC chipတွင် Data အဖြစ် ကျွမ်းကျင်လုပ်သားများ၏ IDကို သိမ်းဆည်းထားရှိပါသည်။
- IC chipထဲတွင် Data များအား လျို့ဝှက်ကာကွယ်ခြင်းအစရှိသည့်အာမခံစနစ်ဖြင့်စီမံထားရှိပါသည်။

# ဆောက်လုပ်ရေးအလုပ်အကိုင်အခွင့်အလမ်းစနစ်၏ပင်မစာမျက်နှာ(Homepage)

- 「建設キャリアアップシステム」တွင်ရှာဖွေခြင်း
(http://www.kensetsu-kikin.or.jp/ccs/index.htm)




Log-inဝင်ရန်




မေးမြန်းစုံစမ်းလိုသော အကြောင်းအရာ အမျိုးမျိုး




မှတ်ပုံတင်သွင်းထားသောအချက်အလက်များစစ်ဆေးခြင်း



| | အထူးကျွမ်းကျင် | နည်းပညာအလုပ်သင် | နိုင်ငံခြားသားဆောက်လုပ်ရေးလုပ်သား လက်ခံသည့်လုပ်ငန်း |
|---|---|---|---|
| လက်ခံသည့်ကုမ္ပဏီနှင့်ပတ်သက်သော စံညွှန်းသတ်မှတ်ချက်များ | .နိုင်ငံခြားသားလက်ခံမှုနှင့်ပတ်သက်သည့်အစီအစဉ် အားခွင့်ပြုချက်ရယူခြင်း။<br>.ဆောက်လုပ်ရေးလုပ်ငန်း ဥပဒေ ပုဒ်မ ၃အရ ခွင့်ပြုချက်ကို ရယူထားခြင်း<br>.ဆောက်လုပ်ရေးအလုပ်အကိုင်အခွင့်အလမ်းစနစ် တွင်မှတ်ပုံတင်သွင်းထားခြင်း<br>.ဆောက်လုပ်ရေးလုပ်ငန်းအဖွဲ့အစည်းမှပူးတွဲထူ ထောင်ထားသည့်အဖွဲ့အစည်း(မြေယာ၊လမ်းပန်း ဆက်သွယ်ရေးနှင့်ပို့ဆောင်ရေးဝန်ကြီးဌာနတွင် မှတ်ပုံတင်သွင်းရန်လိုအပ်)တွင်ပါဝင်ခြင်း။<br><br>အစရှိသည် | .နည်းပညာအလုပ်သင်သင်တန်းအစီအစဉ်ခွင့်ပြု ချက်အားလက်ခံရယူခြင်း<br>.ဆောက်လုပ်ရေးလုပ်ငန်း ဥပဒေ ပုဒ်မ ၃အရ ခွင့်ပြုချက်ကိုလက်ခံရယူထားခြင်း<br>.ဆောက်လုပ်ရေးအလုပ်အကိုင်အခွင့်အလမ်းစနစ်တွင်မှတ် ပုံတင်သွင်းခြင်း<br><br>အစရှိသည် | .သင့်တင့်လျောက်ပတ်သောကြီးကြပ်ရေးအစီစဉ်ခွင့်ပြုချက် အားလက်ခံရယူခြင်း<br>.ဆောက်လုပ်ရေးလုပ်ငန်း ဥပဒေ ပုဒ်မ ၃အရ ခွင့်ပြုချက်ကိုရယူထားခြင်း<br>.ဆောက်လုပ်ရေးအလုပ်အကိုင်အခွင့်အလမ်းစနစ် တွင်မှတ်ပုံတင်သွင်းထားခြင်း<br><br>အစရှိသည် |
| အကျိုးခံစားခွင့်နှင့်ပတ်သက်သော စံညွှန်းသတ်မှတ်ချက်များ | .အမှတ်စဉ်(၁)အထူးကျွမ်းကျင်နိုင်ငံခြားလုပ်သား နဲ့ပတ်သက်၍<br>➢ဂျပန်လူမျိုးနှင့်တန်းတူ(သို့ )သာလွန်သောလစာ ခံစားခွင့်<br>➢အတည်တကျဖြစ်သောလစာပေးချေမှု<br>➢လုပ်ငန်းကျွမ်းကျင်မှုအလိုက်လစာတိုးမြှင့်မှု<br>.အမှတ်စဉ်(၁)အထူးကျွမ်းကျင်နိုင်ငံခြားသားနှင့် ပတ်သက်၍အလုပ်ခန့်စာချုပ်မချုပ်ဆိုမီအရေးကြီး သောအကြောင်းအရာများအားမိခင်ဘာသာစကားဖြင့် ရှင်းလင်းဖော်ပြခြင်း။<br>.အမှတ်စဉ်(၁)အထူးကျွမ်းကျင်နိုင်ငံခြားလုပ်သားအား ဆောက်လုပ်ရေးအလုပ်အခွင့်အလမ်းစနစ်တွင် မှတ်ပုံတင်သွင်းခြင်း။ အစရှိသည် | .နည်းပညာသင်လုပ်သားများနှင့်ပတ်သတ်၍<br>➢ဂျပန်လူမျိုးနှင့်တန်းတူ(သို့ )သာလွန်သောလစာခံစား ခွင့်<br>➢・အတည်တကျဖြစ်သောလစာပေးချေမှု<br>・စာချုပ်ပါအကြောင်းအရာများနှင့်ပတ်သတ်၍ နည်းပညာသင်တန်းသားမှပြည့်ပြည့်ဝဝနားလည်သော ဘာသာစကားဖြင့်ရှင်းလင်းဖော်ပြ၍လက်မှတ်ထိုးခိုင်း စေခြင်း။<br>.နည်းပညာသင်တန်းသားများအားဆောက်လုပ်ရေးအလုပ် အကိုင်အခွင့်အလမ်းစနစ်တွင် မှတ်ပုံတင်သွင်းခြင်း။<br>※အမှတ်စဉ်(၁)သင်တန်းသားသည်အမှတ်စဉ်(၂)သို့မပြော င်းမီမှတ်ပုံတင်သွင်းပြီးဖြစ်ရမည်။ အစရှိသည် | .နိုင်ငံခြားသားဆောက်လုပ်ရေးလုပ်သားများနှင့် ပတ်သတ်၍<br>➢ဂျပန်လူမျိုးနှင့်တန်းတူ(သို့ )သာလွန်သောလစာခံစားခွင့်<br>➢အတည်တကျဖြစ်သောလစာပေးချေမှု<br>➢ လုပ်ငန်းကျွမ်းကျင်မှုအလိုက်လစာတိုးမြှင့်မှု<br>.နိုင်ငံခြားသားဆောက်လုပ်ရေးလုပ်သားနှင့်ပတ်သတ်၍အ လုပ်ခန့်စာချုပ်မချုပ်ဆိုမီအရေးကြီးသောအကြောင်းအရာ များအားမိခင်ဘာသာစကားဖြင့်ရှင်းလင်းဖော်ပြခြင်း။<br>.နိုင်ငံခြားသားဆောက်လုပ်ရေးလုပ်သားအားဆောက်လုပ်ရေး အလုပ်အကိုင်အခွင့်အလမ်းစနစ်တွင်မှတ်ပုံတင်သွင်းခြင်း<br>အစရှိသည် |
| အခြား | .အထူးကျွမ်းကျင်နိုင်ငံခြားသားနှင့်နိုင်ငံခြားသား ဆောက်လုပ်ရေးလုပ်သားတို့၏စုစုပေါင်းအရေအတွက် သည်အချိန်ပြည့်ဝန်ထမ်းအရေအတွက်ထက် မကျော်လွန်စေခြင်း။ | .နည်းပညာသင်တန်းသားများ၏အရေအတွက်သည် အချိန်ပြည့်ဝန်ထမ်းများ၏စုစုပေါင်းအရေအတွက်ထက်မ ကျော်လွန်စေခြင်း။<br>※ထူးချွန်အလုပ်သင်ကုမ္ပဏီနှင့်ထူးချွန်ကြီးကြပ်ရေးအဖွဲ့အ စည်းများမှ အပ | .အမှတ်စဉ်(၁)အထူးကျွမ်းကျင်နိုင်ငံခြားသားနှင့်နိုင်ငံခြားသား ဆောက်လုပ်ရေးလုပ်သားတို့၏စုစုပေါင်းအရေအတွက် သည်အချိန်ပြည့်ဝန်ထမ်းအရေအတွက်ထက်မကျော် လွန်စေခြင်း။ |

※၂၀၂၂ခုနှစ်ဧပြီလ၁ရက်နေ့မှစ၍သတ်မှတ်လူဦးရေ(မျဉ်းတားထားသောအစိတ်အပိုင်း)အားနည်းပညာသင်တန်းတွင်လျှောက်ထားမည်။